ကြိုးစား။ အပါး မဝတာလည်း ကမ္ဘာနှင့်အမျှ ကြာလှပြီ။သုံးဆယ့်တစ်ဘုံက မထွက်နိုင်ပြီ ကြားလား။ အေး သိပယ် ဆိုက်ပွား လေးပါးကိစ္စ မဂ်တစ်ခဏ။ သိမှ ပယ်နိုင်တာ။ ဉာဏ် ဉာဏ် အလုပ် ၊ ဉာဏ် အလုပ် ။ ကံ အလုပ် မဟုတ်ဘူး။ ဈာန်အလုပ် မဟုတ်ဘူး။ ဉာဏ် အလုပ် တွေ့။

ဉာဏ်ဆိုတာ စဉ်းစားတာ ဝေဖန်တာ စိစစ်တာ။ စဉ်းစားဖို့ မကောင်းလား။ ဣရိယာပထဆိုတာ သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်းနော်။ တရား ထိုင်တာ အဓိကလား ခန္ဓာသိဖို့ အဓိက လား။ တရားထိုင်တာ အဲ။ စင်္ကြံသွားတာ အဓိကလား ခန္ဓာသိဖို့ အဓိကလား။ ရပ်တာ အဓိကလား ခန္ဓာသိဖို့ အဓိကလား။ လျောင်းတာ အဓိကလား ခန္ဓာသိဖို့ အဓိကလား။ဒီလိုဆို တရားနာ တရား ထိုင်တာ ခန္ဓာ သိဖို့ပါလားကွဲ့။ စဉ်းစားဖို့ မကောင်းလား။

စိတ်ထဲ ဉာဏ်ထဲက ထိုင်လိုက်ကြဦးစို့။ ထိုင်လိုက်တဲ့အခါ ကြမ်းနဲ့ တင်ပါးနဲ့ ထိ မထိ။ ထိတဲ့အခါ သတိလို့ မပြောဘူးလား။ ထိ သိ သတိနော်။ သတိပြုတဲ့အခါ ကြမ်းတွေ့တာလား မာတာ တွေ့တာ လား။ တင်ပါး တွေ့သလား ကာယအကြည်။ ဤနှစ်ခုထိမှ သိတဲ့စိတ်လေး မပေါ် လား။ အဲဒီ သိတဲ့စိတ်လေးဟာ မထိခင်က ဘယ်ဆီမှာ နေတယ်လို့ လက်ညှိုး ညွှန်ပြခြင်းငှာ ထိုက်ကဲ့ လား။ နှစ်ခု ထိတော့လည်း ဘွားကနဲ ပေါ်မလာဘူးလား။ အဲဒီစိတ်လေးဟာ အကောင် အထည် ဟုတ်ကဲ့လား။ လုံးရပ်သဏ္ဍာန်တွေ ပါရဲ့လား။ မပါငြားသော်လည်း သဘောအနေနဲ့ မထင်ရှားဘူး လား။ ဘယ်လောက်များ ထင်ရှားသလဲနော်။ ဒါကြောင့် သဘောကို ပရမတ်လို့ ခေါ်တာပေါ့။ မပြော မဖြစ်လို့ ပြောရတာ။ အဖေမိဘ မွေးတဲ့ မျက်စိနဲ့ ကြည့်ရင်ဟော… ခြေတွေ လက်တွေ ဘယ်တော့ မှ မပျောက်။ မြင်နေတာပဲ။ လူတွေ မြင်နေတယ်။ မိန်းမတွေ မြင်နေတယ်။ ယောကျ်ားတွေ မြင်တယ်။ ဒါ အဖေ မိဘ မွေးတဲ့ မျက်စိ။ ဒါနဲ့ကတော့ ဘယ်တော့မှ ပျောက်အောင် ဖျောက်လို့ မရဘူး။ ဉာဏ် မျက်လုံးနဲ့ ကြည့်မှ ပျောက်တာ။

ကဲ အဖေ မိဘ မွေးတဲ့ မျက်စိနဲ့ ကြည့်တော့ လူတွေကို မြင်တယ်။ မိန်းမတွေ မြင်တယ်။ ယောကျ်ားတွေ မြင်တယ်။ အိမ်တွေ မြင်တယ်။ တောတွေ မြင်တယ်။ ထနောင်းပင်တွေ မြင်တယ်။ ဉာဏ်မျက်လုံး ဝိဇ္ဇာဆိုတဲ့ မျက်မှန် တပ်ကြည့်တော့ လူလား အဆင်းလား။ နတ်လား အဆင်းလား။ ပြဟ္မာလား အဆင်းလား။ အဆင်းကွဲ့။ဒါ ဉာဏ်မျက်လုံးကျတော့ အဆင်းပဲ မြင်တယ်နော်။ အဖေ မိဘ မွေးတဲ့ မျက်စိနဲ့ ကြည့်တော့ လူတွေပေါ့ကွဲ့။ဘယ်လိုမှ ဖျောက်လို့ မရ။ ငါ အားထုတ်တယ် ကွဲ့။ ခြေတွေ လက်တွေ မပျောက်ဘူး လို့ မပြောဘူးလား။ အဲဒီ ပကတိ မျက်လုံးနဲ့ ကြည့်တော့ ဘယ်ပျောက်မလဲ ကွဲ့။ မပျောက်ဘူး။ ဉာဏ်မျက်လုံးနဲ့ ကြည့်မှ ပျောက်တာ။ ဉာဏ်မြင်။

မြင်တာကို သညာဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာကင်းမယ်။ မြင်တာက အဆင်း ဓာတ်ကို မြင်တာ။ သညာက မင်းသမီး ၊သညာက မင်းသား။ ဟော ကဲ မင်းသမီးမြင်တော့ လောဘစိတ်ဖြစ်။ မင်းသားလေးမြင်တော့ လောဘစိတ်ဖြစ်။ မင်းသားလေးကို အမျိုးသမီးလေးက မြင်တော့ လောဘ စိတ်တွေ ဖြစ်တယ်။ မင်းသမီးလေးကို အမျိုးသားလေးတွေက မြင်တော့ လောဘစိတ် ဖြစ်တယ်။ တကယ်အမြင်ခံက မင်းသမီးလား အဆင်းဓာတ်။ မင်းသားလား အဆင်းဓာတ်။ အဆင်းဓာတ်လို့ မြင်တဲ့အခါ မင်းသမီး တွေ့သေးရဲ့လား။ မင်းသားကား တွေ့သေးရဲ့လား။ သညာ ရှင်းမသွားလား။ သင်္ကာကင်း မသွားဘူးလား။ ဒါမို့ မြင်တာကို သညာ ဖုံးတယ်။ သညာကို သင်္ကာရှင်းမှ သင်္ကာ ကင်းမယ်။ ကဲ အဆင်းပဲ။ အဆင်းဆိုတော့ ခန္ဓာဖွဲ့တော့ ရူပက္ခန္ဓာမရလား။

ရုပ်တရားကြီး ရုပ်တရား မှန်လို့ ရှိရင် အနှစ်သာရ ရှိ မရှိ။ ချောင်းထဲ မြစ်ထဲမှာ ရှိတဲ့ ရေမြှုပ်ကြီး ကဲ့သို့ ဟော မဟော။ ရေမြှုပ်ကြီး ဆိုတာ ဒိုက်တွေ တွေ့တဲ့အခါ အကုန်လုံး ရေဖြစ်သွားတော့ တာ။ မတွေ့ခင်တော့ကာ ဖောင်းဖောင်းကြီးပေါ့။ ဒိုက်တွေ တုံးတွေနဲ့ ထိတဲ့အခါ အကုန်လုံး ရေ ဖြစ်သွား တာနော်။ အဲဒီ ရေမြှုပ်ဟာ ဘယ်ကဖြစ်တာလဲ။ ရေကဖြစ်တဲ့ ရေမြှုပ်။ ပျက်တော့ကာ ရေပဲ ပြန် မဖြစ်လား ။ ဒီလိုဆို အနှစ်သာရ ရှိရဲ့လား။ အဲဒါကြောင့် ရေမြှုပ်နဲ့ တူတယ်လို့ မဟော ဘူးလား။ ရေမြှုပ်ကဲ့သို့ မြင်မယ်ဆိုချစ်စရာကား တွေ့သေးရဲ့လား။ မုန်းစရာကား တွေ့သေးရဲ့ လား။ ရာဂက္ခယော နိဗ္ဗာန် ဗျား။ဒေါသက္ခယော နိဗ္ဗာန် ။မောဟက္ခယော နိဗ္ဗာန် လို့ မဟောဘူး လား။ ကဲ အဲလို မြင်တဲ့ ပုဂ္ဂိုလ်များဟာ ရာဂ ဒေါသ မောဟ ဖြစ်ပါမလား။ မဖြစ်ဘူးကွဲ့။ မြင်တိုင်း မြင်တိုင်း နိဗ္ဗာန် တဒိုင်းဒိုင်း ။ကြားတိုင်း ကြားတိုင်း နိဗ္ဗာန် တဒိုင်းဒိုင်း။ အဲလို လေ့လာဖို့ မကောင်းလား။

အဲဒါ အဆင်း ရူပက္ခန္ဓာ မျက်စိအကြည်နဲ့ အဆင်းက ရုပ်တရား။ မြင်သိစိတ်လေးက နာမ်တရား။ နာမ်ရုပ်နှစ်ပါး။ လူလား နာမ်နှင့်ရုပ်။ နတ်လား နာမ်နှင့်ရုပ်။ပြဟ္မာလား နာမ်နှင့်ရုပ်။ ကဲ နာမ်ရုပ် တရား နှစ်ပါး ကြည့်တော့ ရုပ်တရားကြီးက ဖောက်ပြန်ပြီးတော့ မပျက်လား။နာမ်က သိပြီးတော့ မပျက်လား။ ဖြစ်ပျက်လို့ မဟောလား။ ဘာသစ္စာလဲ။ ချမ်းသာတဲ့ တရားလား ဆင်းရဲတဲ့ တရား။ ဆင်းရဲတယ်လို့ အမှန်သိတာ သမ္မာဒိဋ္ဌိလို့ မဟောဘူးလား။ ဆင်းရဲတယ်လို့ သိတော့ကာ လူ ချမ်းသာ နတ်ချမ်းသာ ပြဟ္မာချမ်းသာ လို့ နှလုံးသွင်း မှားတဲ့ မိစ္ဆာဒိဋ္ဌိ မချုပ်လား ။ သမ္မာဒိဋ္ဌိ ဝင်… မိစ္ဆာဒိဋ္ဌိ ချုပ်တယ်။ သမ္မာဒိဋ္ဌိက အလင်းရောင်နဲ့ မတူလား။ မိစ္ဆာဒိဋ္ဌိက အမှောင်နဲ့ မတူလား။ အလင်းရောင် ပေါ်တော့ အမှောင် မပျောက်လား။ ကဲ အဲလို စိစစ်ဖို့ မကောင်းလား။

ကဲ တဏှာ လာသေးရဲ့လား။ ဉပါဒါန် လာသေးရဲ့လား။ ကံလာသေးလား။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး မပြတ်လား။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ နိရောဓ။ တဏှာ ပဋိစ္စသမုပ္ပါဒ်၊ ဉပါဒါန် ပဋိစ္စ သမုပ္ပါဒ်၊

www.thitsarparamisociety.com



ကံ ပဋိစ္စသမုပ္ပါဒ်။ သုံးမျိုးပြတ်...။ နောက်ခန္ဓာ ဇာတ်မသိမ်းလား။ ကိလေသာ မချုပ်ဘူးလား။ ခန္ဓာ မချုပ်လား ။ဤနှစ်ခု ချုပ်တာ နိရောဓ လို့ မဟောဘူးလား။

ကဲ မြင်ဆဲ ခန္ဓာက ဖြစ်ပျက် ဘာသစ္စာလဲ။ (ဒုက္ခသစ္စာပါ ဘုရား။) သိတာက ---။ (မဂ္ဂသစ္စာပါဘုရား။) သေတာက ----။ (သမုဒယသစ္စာပါ ဘုရား။) နောက်ခန္ဓာ မလာတာ...။ (နိရောဓ သစ္စာပါဘုရား။) ပဋိစ္စသမုပ္ပါဒ် အကွက် ဘယ်နှစ်ကွက်ရှိ...။ (လေးကွက် ရှိပါတယ် ဘုရား။) တစ်ကွက်လျှင် ဘယ်နှစ်ပါး။ (ငါးပါးပါ ဘုရား။) ငါး လေးလီ...။(နှစ်ဆယ်။) ဤရှစ်သွယ်ကို...။ (အလွယ်ကျက်မှတ် သိစေအပ်သည် သံသရာမှ လွတ်ကြောင်းတည်း။)

သာဓု ......... သာဓု ......... သာဓု ။

.....................................................................................................................................

ဩဝါဒ ။...။ စာအုပ်ကို ကြည့်ကြ၊ ခန္ဓာဖွဲ့ သစ္စာဖွဲ့ရအောင်ကြည့်။ ဘုရားရှိခိုး ရအောင်ကြည့်။ စက်ဝိုင်းလှည့် အမေးအဖြေ ထောက်တာတွေ ရအောင်ကြည့်။ အမှတ်တမဲ့ မနေနဲ့။ အဲဒါကြည့်တဲ့အခါ စာထဲမှာ ဟော အာရုံက ဘယ်မှ မသွားဘူး။ စာထဲမှာ နေတာ။ တဒင်္ဂကုသိုလ်ဖြစ်နေပြီ။